# သားဥအိမ်ကင်ဆာဆိုင်ရာ စစ်ဆေးရန် အချက်အလက်စာရင်း

## လူနာများ

ဤစာရွက်စာတမ်းသည် သင့်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် သင်၏သားအိမ်ကင်ဆာစောင့်ရှောက်မှုကို လမ်းညွှန်ရာတွင် အထောက်အကူပေးမည့် ကိရိယာတစ်ခုအဖြစ် လုပ်ဆောင်ပါမည်။ မတူညီသော ကဏ္ဍများတွင် သင်၏ ပြုစုစောင့်ရှောက်မှုအတွက် အရေးကြီးသော အချက်အလက်များ နှင့် သင့်ကင်ဆာခရီးစဉ်တစ်လျှောက်တွင် သင့်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် တိုင်ပင်ဆွေးနွေးပြီး ခြေရာခံစောင့်ကြည့်သင့်သည့် အကြောင်းအရာများ ပါဝင်သည်။

| **အပိုင်း 1** | **အပိုင်း 2** | **အပိုင်း 3၊ 4၊ 5** | **အပိုင်း 6** |
|---|---|---|---|
| သင့်မိသားစု၏ကင်ဆာရာဇဝင်ကို နားလည်သိရှိခြင်း | သင့်အထွေထွေရောဂါကုဆရာဝန် (Primary Care Provider, PCP) သို့မဟုတ် သားဖွားနှင့်မီးယပ်ဆရာဝန် (Obstetrician-Gynecologist, OB/GYN) နှင့်အတူဖြည့်စွက်ပါ | သင့်သားဖွားမီးယပ်ဆိုင်ရာ ကင်ဆာရောဂါအထူးကုဆရာဝန်နှင့်အတူဖြည့်စွက်ပါ | ရက်ချိန်းလာရောက်ပြသချိန် နောက်ထပ်မှတ်စုများရေးသွင်းရန် နေရာ |

နောက်ထပ်အချက်အလက်များအတွက် **သားဥအိမ်၏အပြင်ဘက်နံရံတလျှောက်ကို ဖုံးအုပ်ပေးသော တစ်ရှူးအလွှာအတွင်းရှိ ဆဲလ်များမှ စတင်ဖြစ်လာသည့် ကင်ဆာဆိုင်ရာ** NCCN လမ်းညွှန်ချက်တွင် ကြည့်ပါ- https://www.nccn.org/patients/guidelines/content/PDF/ovarian-patient.pdf

## အပိုင်း 1 – မိသားစုရာဇဝင်

မိသားစုတွင် ကင်ဆာရောဂါဖြစ်ဖူးသည့် ရာဇဝင်သည် အရေးကြီးပါသည်။ သင့်မိသားစုတွင် ကင်ဆာရောဂါရာဇဝင်ကို တီးခေါက်ကြည့်ပြီး မှတ်တမ်းပြုစုထားပါ သင့်အား ပြုစုစောင့်ရှောက်မှုပေးသည့် ကာလတလျှောက်လုံးတွင် အဆိုပါအကြောင်းကို မေးမြန်းသွားရန် ရှိပါသည်။

- ဘယ်သူမှာ ကင်ဆာဖြစ်ခဲ့လဲ။
  (သွေးအရင်းဆုံးအဆင့်တွင် ပထမနေရာ သို့မဟုတ် ဒုတိယနေရာလိုက်သည့် သွေးသားရင်းချာများ)
- ဘယ်လိုကင်ဆာအမျိုးအစားလဲ။
- ကင်ဆာရောဂါရှိနေတာကို အသက်ဘယ်လောက်မှာ သိရှိခဲ့ရတာလဲ။
- သူတို့တွေရော မျိုးဗီဇစစ်ဆေးမှုခံယူပြီးပါပြီလား။
  သင် မျိုးဗီဇခံယူပြီးပါက ဤရလဒ်အဖြေများကို သင့်ပံ့ပိုးသူများထံ မျှဝေပေးပါ (အပိုင်း 4 တွင် ကြည့်ရန်)။

| ပထမ နေရာ | ဒုတိယ နေရာ |
|---|---|
| **ပထမနေရာလိုက်သည် သွေးသားရင်းချာများ** | **ဒုတိယနေရာ လိုက်သည့် သွေးသားရင်းချာများ** |
| မိဘများ<br>မောင်နှမများ<br>ကလေးများ | ဘိုးဘွား မကြီး အဒေါ်များ/<br>ဦးလေးများ တူမများ/တူများ |

## အပိုင်း 2 – သင့်အထွေထွေရောဂါကုဆရာဝန် (PRIMARY CARE PROVIDER, PCP) သို့မဟုတ် OB/GYN နှင့်အတူ ပူးပေါင်းလုပ်ဆောင်ခြင်း

သမားတော်အမည်- ______________________________ ဖုန်းနံပါတ်- ______________________________

**သွေးစစ်ဆေးမှုရလဒ်များ**

| **သွေးတန်ဖိုးများ** | **အဖြေ** | **နေ့စွဲ** |
|---|---|---|
| CA-125 တန်ဖိုး- | | |
| CEA တန်ဖိုး- | | |
| အခြား- | | |
| | | |
| | | |

သင်ရရှိထားပြီးသော စစ်ဆေးမှုအဖြေများရှိသေးပါက မိတ္တူယူလာခဲ့ပေးပါ။

**စစ်ဆေးမှုအဖြေများ**

သင်သည် ဝမ်းဗိုက်/တင်ပါးဆုံရိုးကို ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများကို ကွန်ပျူတာဓာတ်မှန်ရိုက်ခြင်း (Computed Tomography, CT) စကန်ခေါ် ကွန်ပျူတာဓာတ်မှန်ရိုက်ဖူးပါသလား။ ☐ ရိုက် ☐ မရိုက် (စကန်နေ့စွဲ- ______________)

ရိုက်ခဲ့ပါက အောက်ပါ 2 ချက်နှင့် အကျုံးဝင်ပါသည်-

- သင့် CT စကန်နှင့်တွဲဖက်ပါရှိသော ဓာတ်မှန်ဆရာဝန်အစီရင်ခံသုံးသပ်ချက်ကို ပရင့်ထုတ်ထားသည့် စာရွက် သို့မဟုတ် CT စကန်မိတ္တူစာရွက်ကို သင့်မီးယပ်ကင်ဆာအထူးကုနှင့် ရက်ချိန်းပြသောအခါတွင် ယူလာခဲ့ပေးပါ။
- မိတ္တူကူးပြီးသားမရှိပါက CT စကန် အီလက်ထရွန်းနစ်မိတ္တူကို ကင်ဆာအထူးကု ဆရာဝန်ရုံးခန်းသို့ ပို့ပေးရန် တောင်းဆိုလာပါလိမ့်မည်။

မရှိပါက-

- မီးယပ်ကင်ဆာအထူးကုနှင့် ရက်ချိန်းအတိုင်း ဆက်ပြပါ။

## အပိုင်း 3 – သင့် မီးယပ်ကင်ဆာအထူးကုနှင့်အတူ ပူးပေါင်းလုပ်ဆောင်ခြင်း

မီးယပ်ကင်ဆာအထူးကုဆရာဝန်အမည်- ______________________ ဖုန်းနံပါတ်- ______________

**ကင်ဆာအဆင့်- ကင်ဆာအမျိုးအစား ____________________ အဆင့် ____________________**

**ရောဂါအဆင့်ဆိုင်ရာ ခြုံငုံသုံးသပ်ချက်အကျဉ်း**

I. သားအိမ် သို့မဟုတ် သားဥပြွန်တွင် တည်သော ကင်ဆာဖြစ်သည်။

II. သားအိမ် သို့မဟုတ် သားဥပြွန် 1 ခုတွင်ဖြစ်စေ၊ ပြွန်နှစ်ခုစလုံးတွင်ဖြစ်စေ စတင်ဖြစ်တည်သော ကင်ဆာဖြစ်ပြီး တင်ပါးဆုံရိုးအောက်ပိုင်းသို့ ပျံ့နှံ့သွားသည်။ ၎င်းနေရာများတွင် တည်ခြင်းမဟုတ်ပါက ဝမ်းတွင်းသားမြှေးကင်ဆာဖြစ်ပါမည်။


III. သားအိမ် သို့မဟုတ် သားဥပြွန် 1 ခုတွင်ဖြစ်စေ၊ ပြွန်နှစ်ခုစလုံးတွင်ဖြစ်စေ စတင်ဖြစ်တည်သော ကင်ဆာဖြစ်ပြီး တင်ပါးဆုံရိုးအောက်ပိုင်းသို့ ပျံ့နှံ့သွားသည်။ ၎င်းနေရာများတွင် တည်ခြင်းမဟုတ်ပါက ဝမ်းတွင်းသားမြှေးကင်ဆာဖြစ်ပါမည်။ ကင်ဆာသည် တင်ပါးဆုံရိုးအပြင်ရှိ ဝမ်းတွင်းသားမြှေးနှင့်/သို့မဟုတ် ဝမ်းတွင်းသားမြှေးအတွင်းရှိ ပြန်ရည်ကျိတ်များဆီသို့ပါ ပျံ့နှံ့သွားမည်ဖြစ်ပြီး ဝမ်းဗိုက်အနောက်ဘက်ရှိ (နလုံးဘယ်ဘက်ခန်း ပင်မသွေးလွှတ်ကြောကဲ့သို့သော သွေးလွှတ်ကြောမကြီးတလျှောက်ရှိ ပြန်ရည်ကျိတ်များ) အထိ ပျံ့နှံ့နေပါသည်။

IV. ကင်ဆာသည် ဝမ်းဗိုက်ပြင်ပရှိ ကိုယ်တွင်းအင်္ဂါများသို့ပါ ပျံ့နှံ့နေပါပြီ။

IV-A. ကင်ဆာသည် အဆုတ်ဝန်းကျင်ရှိ အရည်များထဲအထိ ပျံ့နှံ့နေပါပြီ။

IV-B. ကင်ဆာသည် ဝမ်းဗိုက်ကိုကျော်လွန်၍ ဝမ်းခေါင်းအပြင်ဘက် ပေါင်ခြံအတွင်းရှိ ပြန်ရည်ကျိတ်များ အပါအဝင် အသည်း သို့မဟုတ် ကိုယ်တွင်းအင်္ဂါများအထိပါ ပျံ့နှံ့နေပါပြီ။

ဤပုံသည် ရောဂါဖြစ်နေသည့် နေရာကို သင့်မီးယပ်ကင်ဆာအထူးကုက ဆက်စပ်ရေးဆွဲကြည့်နိုင်ရန် အတွက်ဖြစ်ပါသည်။



ကင်ဆာအဆင့်ဆိုင်ရာ သတင်းအချက်အလက်အပြည့်အစုံကို အမေရိကန်ကင်ဆာအသင်း (American Cancer Society) ၏ဝဘ်ဆိုက်တွင် ရှာကြည့်နိုင်ပါသည်-https://www.cancer.org/cancer/ovarian-cancer/detection-diagnosis-staging/staging.html

## အပိုင်း 4 – မျိုးဗီဇစစ်ဆေးခြင်း

မီးယပ်ဆရာဝန်အမည်- ______________________ ဖုန်းနံပါတ်- ______________

ကျွန်ုပ်၏သားအိမ်ကင်ဆာတွင် မျိုးရိုးလိုက်ခြင်းကြောင့် ဖြစ်ရခြင်းလား။ ☐ ဟုတ် ☐ မဟုတ်

မျိုးရိုးလိုက်ခြင်းကြောင့် ဖြစ်ရပါက မည်သည့်မျိုးဗီဇသန္ဓေပြောင်းမှုကြောင့် ဖြစ်ရပါသလဲ-________________________________

ကျွန်ုပ်၏မျိုးဗီဇစစ်ဆေးမှုအဖြေများအပေါ် အခြေခံ၍ ကျွန်ုပ်ဘက်က ထပ်လောင်းလုပ်ဆောင်သင့်သည့် အဆင့်များရှိပါသလား။

☐ ရှိ

☐ မျိုးရိုးလိုက်သည့် ကင်ဆာအန္တရာယ်ရှိနေကြောင်းကို မိသားစုဝင်များအား အသိပေးပါ

☐ နောက်ထပ်ရှိလာနိုင်သည့် ကင်ဆာဖြစ်နိုင်ခြေများကို သမားတော်များထံတွင် ဆက်လက်စုံစမ်းမေးမြန်းပါ

☐ အခြား ______________________________________________________________________

☐ မရှိ

## **အပိုင်း 5 – ကုသမှု**

ကုသရန် စီစဉ်ထားမှုများနှင့် မပြတ်ကျင့်သုံးရမည့် နည်းစနစ်များအကြောင်းကို သင့်မီးယပ်ကင်ဆာအထူးကုဆရာဝန်ကို ထဲထဲဝင်ဝင်ရှင်းပြပေးနိုင်ပါသည်။ ကင်ဆာအကျိတ်ကို ခွဲထုတ်ခြင်းမပြုမီ ကင်ဆာဆဲလ်ကျုံ့သွားစေရန်အတွက် ကင်ဆာဆေးသွင်းကုထုံးကို ပေးခဲ့ပါက ၎င်းကို "ပင်မ ကုသမှု မတိုင်မီ ကင်ဆာဆေးကြိုသွင်းပေးသည့် ကုထုံး"ဟုခေါ်သည်။

**ခွဲစိတ်ကုသမှု**

ခွဲစိတ်မှု- ________________________________________ ခွဲစိတ်သည့် နေ့စွဲ- ________________

| **သွေးတန်ဖိုးများ** | **အဖြေ** | **နေ့စွဲ** |
|---|---|---|
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

### **လက်တွေ့စမ်းသပ်မှုများ**

လက်တွေ့စမ်းသပ်မှုများဆိုသည်မှာ ကင်ဆာပြုစုစောင့်ရှောက်မှုကို ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ပေးနိုင်မည့်၊ ကာကွယ်ခြင်း၊ ရောဂါရှာခြင်း၊ ကုသခြင်းနှင့် ဘေးထွက်ဆိုးကျိုးများကို စီမံခန့်ခွဲခြင်းများကဲ့သို့သော နည်းလမ်းသစ်များရှာဖွေမည့် သူများပါဝင်သည့် သုတေသနလေ့လာမှုတစ်ရပ်ဖြစ်သည်။

- မတူညီသည့် ကင်ဆာအမျိုးအစားနှင့် အဆင့်များအတွက် လက်တွေ့စစ်ဆေးမှုများကို ရရှိနိုင်ပါသည်။
- လက်တွေ့စမ်းသပ်မှုများကို ကာယကံရှင်သဘောဆန္ဒအလျောက်သာ စာရင်းပေးသွင်း၍ရပါသည်။
- လက်တွေ့စမ်းသပ်မှုများသည် ကုထုံးများစွာခံယူထားသူများအတွက် ရွေးချယ်စရာတစ်ခုဖြစ်နေတတ်ပါသည်။

လက်တွေ့စမ်းသပ်မှုများအကြောင်းကို ကျွန်ုပ်၏ပံ့ပိုးသူက ပြောပြဖူးပါသလား။ ☐ ဟုတ် ☐ မဟုတ်

လက်တွေ့စမ်းသပ်မှုတွင် ပါဝင်ရန် စာရင်းပေးသွင်းထားပါသလား။ ☐ ဟုတ် ☐ မဟုတ်



## အပိုင်း 6 – မှတ်ချက်များ

သင် သို့မဟုတ် သင့်ဆရာဝန်တွင် ရှိလာနိုင်သည့် နောက်ထပ်မှတ်ချက်များအတွက် ဤစာမျက်နှာကို အသုံးပြုပါ။

MOQC
MICHIGAN ONCOLOGY QUALITY CONSORTIUM

Blue Cross Blue Shield of Michigan

Nonprofit corporations and independent licensees of the Blue Cross and Blue Shield Association